# နတ်ဝှက်သွားတဲ့ အိပ်မက်



ခေတ်သွေး

# အရိုင်(၁)

Happy World ကစားကွင်းထဲကို အနက်ရောင် Model အမြင့် 'လင့်ခ ရဇာ'ကားကြီးတစ်စင်း 'ကျီ'ခနဲ ထိုးရပ်လိုက်တယ်ဆိုရင်ပဲ စုစုစုစုဖြစ် နေကြတဲ့ လူအုပ်ကြီးက ပုရွက်ဆိတ်အုံကို တုတ်နဲ့ ထိုးစွလိုက်သလို ရှုရှု ကျဲဖြစ်သွားပြီး ထိုကားကြီးကို ဝိုင်းအုံသွားကြသည် ။

"သွေးသား... သွေးသား.."ဆိုတဲ့ ပြိုင်တူဟစ်ကြွေးသံတွေနှင့်အတူ သူ့ကိုစောင့်ကြိုနေကြပုံက ပျော်စရာကောင်းလှသလို စိတ်ပျက်ဖို့ လည်း ကောင်းသည် ။ ကြည့်ဦးလေ...။ ကားတံခါးကိုတောင် ဘယ်လိုဖွင့်ရမည် မသိ။ လူတွေက ကျပ်ညှပ်နေလေတော့။ နောက်ဆုံး...တာဝန်ကျ လုံခြုံ ရေးတွေက ဝင်ရောက်ဖြေရှင်းမှ ပဲ အဆင်ပြေသွားသည် ။

သူ့ရဲ့ Driver ဆိုလည်း ဟုတ်၊ Bodu Guard လို့ လည်း ပြောလို့ ရသ ည့် ကိုမင်းထက်က အရင်ကားပေါ်ကဆင်းပြီး သူ့အတွက် ကားတံခါးကို အသင့်လာဖွင့်ပေးသည် ။

ဒီတော့မှ သူက အလိုက်သင့်ကားပေါ်ကဆင်းရင်း နေကာမျက်မှန် ကို ချွတ်လိုက်သည် ။

သူဆင်းလိုက်သည့် တဒင်္ဂအချိန်လေးအတွင်းမှာ စောစောက "သွေး သား... သွေးသား"ဆိုတဲ့ ပွက်လောရိုက်ဆူညံသံတွေ မဆိုစလောက်က လေး တိတ်ဆိတ်သွားသည် ။ ပြီးတော့လည်း ပုံမှန်အတိုင်း ပြန်လည်ဆူ

ညံ့လာသည် ပဲ။

အုံခဲနေသည့် ထိုလူအုပ်ကြီးကို သူလက်ပြရင်း အရပ်မျက်နှာရှစ်ခုပြည့်အောင် လှည့်ပြီး ပြုံးပြလိုက်သည် ။ တဖျပ်ဖျပ်ရိုက်နေကြသည့် ဓာတ်ပုံဖလက်ဂန်းအလင်းရောင်တွေကို ကျောခိုင်းလိုက်ပြီး ကိုမင်းထက်နှင့် လုံခြုံရေးတွေ အကူအညီယူကာ အဆောက်အအုံအတွင်းသို့ သူ ကြွကြွရွရွကလေး လှမ်းဝင်သွားသည် ။

အပြင်မှာ တော့ ပရိသတ်တစ်အုံကြီးက သူ့နာမည်ကို တကြော်ကြော်အော်ဟစ်ရင်း ကျန်နေခဲ့လေသည် ။

* * * *

သူ သက်ပြင်းတစ်ချက်ကို ခပ်ဖွဖွချရင်း သူ့အတွက် ပြင်ဆင်ထားသည့်စားပွဲမှာ ဝင်ထိုင်လိုက်တော့ သူ့ရဲ့ ထုတ်ဝေသူ "မသမီးချော"´က ဝမ်းသာအားရအပြုံးတွေနှင့် ဆိုလာသည် ။

"သွေးသားရေ ..အစ်မကတော့ ယုံတောင်မယုံနိုင်ဘူး...ငါ့မောင်ရဲ့ အောင်မြင်မှုတွေက တကယ် ကြောက်ခမန်းလိလိပဲ..သေချာတယ်။ ဒီအခွေလည်း ပေါက်ဦးမှာ ပဲ..."

သူက ဘာမှ မပြောနိုင်အားသေးပဲ ရေသန့်ဘူးထဲကရေကို ဖန်ခွက်ထဲပြောင်းထည့်ပြီး တရှိုက်မတ်မတ် သောက်နေလေသည် ။ ပြီးမှ ... "ကျေးဇူးပဲအစ်မရေ...အဲလောက်ကြီးလည်း မမြှောက်ပါနဲ့ ဦး..ကျွန်တော့်မျက်နှာ ဘယ်လိုနေရမှန်းကို မသိတော့ဘူး"

"မြှောက်တာ မဟုတ်ဘူး သွေးသား ..ဒါ..ငါ့မောင်ရဲ့ အောင်မြင်မှု

တွေဖြစ်သလို..အစ်မရဲ့ အောင်မြင်မှုတွေလည်း ဖြစ်တယ်...ကဲကဲ.. ခဏနားလိုက်ဦး.. နောက်နာရီဝက်လောက်ရှိရင် ... စာနယ်ဇင်းအပ်နှံပွဲနဲ့ လက်မှတ်ထိုးပွဲကို စလိုက်ရအောင်... ပရိသတ်တွေကတော့ ငါ့မောင်မြင့်တဲ့ အတိုင်းပဲ.." ဆိုပြီး သူ့ရဲ့ ထုတ်ဝေသူလည်း ဖြစ်၊ အစ်မတစ်ယောက်လိုလည်း ယုံကြည်အားကိုးရသည့် မသမီးချောက စီစဥ်စရာရှိတာတွေကို စနစ်တကျ သွားရောက်စီစဥ်နေသေးသည် ။

ဒီနေ့က သူရဲ့ ဒုတိယစီးရီးဖြစ်သည့် "အိပ်မက်ထဲကအတိုင်း"ဆိုသည့် တေးစီးရီးအသစ်ကို စာနယ်ဇင်းအပ်နှံပွဲနှင့် လက်မှတ်ထိုးပွဲဖြစ်သည် ။

သူ့အောင်မြင်မှုတွေက သူ့သီချင်းခေါင်းစဥ်အတိုင်း တကယ် မယုံကြည်နိုင်လောက်အောင် အချိန်တိုတိုလေးအတွင်းမှာ တရှိန်ထိုးထိုးထွက်လာခဲ့တာ တကယ့်ကို အိပ်မက်ထဲက အတိုင်းပါပဲ။

မြန်မာပြည်မှာ ရိုက်သတ်လို့ မကုန်နိုင်တဲ့ အဆိုတော်တွေ တစ်ပုံတစ်ပင်ကြီးထဲမှာ "သွေးသား" ဆိုတဲ့ နာမည်လေးက ပထမအယ်(လ်)ဘမ်လေးနှင့်ပင် အတော်ခရီးပေါက်လာခဲ့သည် ။

ဒါတင်မကသေး။ မြန်မာမဂ္ဂဇင်း အတော်များများမှာ လည်း လက်ညှိုးထိုးမလွဲသည့် သူ့မျက်နှာဖုံးကဗျာတွေက ဆရာသစ္စာနီတို့ ပင် ဩချယူရသည် ။ သူ့လုံးချင်းဝတ္ထုတွေကလည်း "Top Ten’ဝင်စမြဲ။

ဒီတော့လည်း တေးရေးဆရာ၊ အဆိုတော်၊ စာရေးဆရာ၊ ကဗျာဆရာဆိုတဲ့ အမည်ဂုဏ်ပုဒ်တွေနှင့်အတူ အောင်မြင်ကျော်ကြားလာတာ အဆန်းတော့မဟုတ်ပေ။ သို့သော် ယနေ့ခေတ်ကြီးထဲမှာ လူငယ်တစ်ယောက်အနေနှင့် သည် လောက်အောင်မြင်လာတာဟာ သူ့ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ အားလုံးနှင့်အတူ "ဆန်း" ဆိုတဲ့ အရာလေးလည်း ပါမည်ထင်သည် ။

"မသမီးချော"ရဲ့ ပံ့ပိုးအားပေးမှုတွေကိုလည်း လုံးဝ မေ့ထားလို့ မရ။ ဘာ ပဲဖြစ်ဖြစ် ယနေ့ အချိန်အခါမှာ တော့ "သွေးသား"ထိလိုက်သမျှ "ရွှေ" ဖြ စ်တယ်လို့ ပင် ပြော၍ ရနေလေပြီ။

အခုလည်း သူ့မှာ လက်မလည်နိုင်အား။ ပြော၍ ယုံချင်မှ ယုံကြည်မ ည်။ လက်မှတ်ထိုးပေးရလွန်းလို့ သူ့လက်တွေပင် နာကျင်ကိုက်ခဲလှပြီ။ အုံခဲနေသည့် လူအုပ်ကြီးကြားမှာ အချိန်အတော်ကြာကြာ ထိုင်နေရသဖြင့် သူ့ခေါင်းတွေလည်း နောက်ကျိနေ၏။ နံနက် (၉)နာရီ က စလိုက်တာ ညနေ (၃) နာရီအထိတောင် လူအုပ်ကြီးက မကျဲပါးသေး ။ ဘာပဲဖြစ်ဖြစ် သူ့အနုပညာ အောင်မြင်မှုအတွက် ဂုဏ်ယူဝမ်းမြောက် နေမိသည် ။

သည် လို ခပ်ကဲကဲကောင်မလေးတွေနှင့် မကြာခဏ ဆုံစည်းနေရ တာကိုတော့ သူ နည်းနည်းစိတ်ပျက်မိတာတော့ အမှန်။ တချို့ ကောင်မ လေးတွေက အတော်ရဲတင်းလွန်းသည် ။ ကိုယ့်ပရိသတ်ဆိုပြန်တော့လ ည်း စိတ်ဆိုးလို့ လည်း မရ။ မချိသွားဖြဲပင် လုပ်နေရသည် ။

"အသွေး...တို့ ကို လက်မှတ်ထိုးပေးဦးလေ..."

"အခွေပေါ်မှာ ရော... ပိုစတာပေါ်မှာ ပါ အော်တိုရေးပေးပြီးပြီလေ.. "

"ဟုတ်ဘူးလေ အသွေးရဲ့ ... ဒို့ရဲ့ ဒီနေရာလေးမှာ ..." ဆိုပြီး ထို ကောင်မလေးက သူ့မျက်နှာကို ရှေ့ထိုးပေးသည် ။

"ထောင်း"ခနဲ "ထ"လာသည့် ရေမွှေးနံ့ကြောင့် သူ မသိမသာ နှာခေါ င်းရှုံ့လိုက်မိပြီး စိတ်ကျေနပ်အောင် မျက်နှာပေါ်သို့ ဆော့ပင်အနီရောင်န င့် ဆိုင်းထိုးပေးလိုက်ရသည် ။

သူမက "ဟေး" ခနဲအော်ဟစ် မြူးထူးသွားပြီး ကပင်ပြလိုက်သေးသည် ။

"အသားလေး...မမကိုလည်း  ဒီအင်္ကျီရင်ဘတ်ပေါ်မှာ အော်တိုရေးပေးဦး"

"ဟုတ်..ဟုတ်ကဲ့..."

တခြားပရိသတ်တွေကပါ ပုံစံအမျိုးမျိုးနှင့် တောင်းဆိုလာကြတော့ သူ့မှာ မငြင်းသာ။ ပရိသတ်ကျေနပ်အောင် အစအဆုံးလုပ်ပေးနေရ၏။

ဒီကြားထဲ သူ့ပါးကို လိမ်ဆွဲသွားသူတွေနှင့် အမှတ်တမဲ့ "ဖျက်"ခနဲ အနမ်းပေးသွားသူတွေက ရှိသေးသည် ။ အဆိုးဆုံးက သူနှင့် ဓာတ်ပုံတွဲရိုက်ချင်ကြသည့် မိန်းကလေးတွေပင် ဖြစ်သည် ။ သူတို့ က အုပ်စုလိုက်ကြီးဆိုပြန်တော့ တစ်ပုံနှင့်လည်း မပြီး နှစ်ပုံနှင့်လည်း မပြီးကြ။

သူ စိတ်ပန်းလူပန်းနှင့် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး "ဟူး.... အောင်မြင်ကျော်ကြားရတဲ့ ဘဝက မလွယ်ပါလားနော်.."ဟု တွေးမိရင်း "မသမီးချော"ကို မျက်ခုံးပင့်ပြမိသည် ။

"မသမီးချော"ကတော့ သူ့အောင်မြင်မှုတွေအတွက် အထူးဝမ်းသာနေဟန် အထင်းသားနှင့် သူ့ကို ချိုမြမြလေး ပြုံးကြည့်နေလေ၏။

* * * *